# အာဒ်ဝင်တူးကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်လုကာ ၁း၂၆-၃၈

ခရစ္စမတ်ရောက်ခါနီး အခုလိုအချိန်မှာ လူတွေက အိမ်အလှဆင်ကြတာ၊ စားသောက်ပွဲ လုပ်ဖို့ ပြင်ဆင်ကြတာတွေ ရှိပါတယ်။ အဲဒီလို အပြင်ပ ပြင်ဆင်ကြတာတွေဟာ ကောင်းပါတယ်၊ ဘာမျှအပြစ်ပြောစရာမရှိပါဘူး။ ဒါပေမဲ့ ခရစ္စမတ်အတွက် အပြင်ဘန်း ပြင်ဆင်တာက အရေးမကြီးလှပါဘူး။ အမှန်တကယ်မှာတော့ ယေဇူးဘုရားရှင်က သင့်အိမ်ထဲကို လာနေချင်တာမဟုတ်ပဲ သင့်စိတ်နှလုံးသားထဲမှာ လာနေချင်တာပါ။ ဆိုလိုတာက သင်နဲ့အတူ သွားအတူ လာအတူ ၊ လုပ်ငန်းဆောင်တာလုပ်လည်းအတူ၊ တွေးခေါ်ကြံစီစဉ်းစားတာလည်း သူနဲ့အတူ ဖြစ်စေချင်တာပါ။ အတိုချုပ်ပြောရရင် သင်လုပ်ကိုင်ဆောင်ရွက်သမျှဟာ ဘုရားအကြိုက်တွေပဲ ဖြစ်စေချင်နေတာ။ သင် စဉ်းစားတွေးခေါ်ကြံစီလေသမျှဟာ ဘုရားအလိုတော်အတိုင်း ဖြစ်တဲ့အထိ သူက သင့်နှလုံးသားမှာ နေရာယူထားချင်တာပါ။

ဒါကြောင့် ပထမကျမ်းစာထဲမှာ ဒါဝိဒ်က သူကိုယ်တိုင်က နန်းတော်ကြီးထဲ နေရပြီး ဘုရားသခင်ကတော့ တဲမှာနေရတယ်ဆိုပြီး ဘုရားအတွက် ဗိမာန်တော်ဆောက်ပေးမယ်လို့ စဉ်းစားနေတဲ့အချိန်မှာ ဘုရားက မလိုလားခဲ့ပါဘူး။ ဘုရားက “ဟေ့ ဒါဝိဒ် မင်းက ငါ့အတွက် နေစရာဆောက်ပေးမလို့လား။ ငါက မင်းကို သိုးကျောင်းသားဘဝကနေ ဘုရင်ကြီးဖြစ်အောင် လုပ်ပေးနိုင်တဲ့ဘုရား ဖြစ်တယ်။ စကြာဝဠာတစ်ခုလုံးကို ငါဖန်ဆင်းထားတယ်။ အရာအားလုံး ငါပိုင်တယ်။ ငါက လူတို့လက်နဲ့ ဆောက်လုပ်တဲ့နေရာမှာ နေစရာလား။ ငါ နေချင်တာက လူ့နှလုံးသားထဲမှာ နေချင်တာပါ” ။ ဒါဟာ အားလုံးစုံကိုတတ်နိုင်တဲ့ဘုရားရဲ့ တစ်ခုတည်းသော ဆန္ဒဖြစ်ပါတယ်။

လူ့နှလုံးသားထဲမှာ နေချင်တယ်ဆိုတာက ဘုရားက အဲ့ဒီလူကို သူကဲ့သို့ ချစ်တတ်လာအောင်၊ သနားတတ်အောင် ၊ တရားမျှတတတ်အောင် သင်ပေးချင်လို့ပါ။ ဒီနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာမှာ ရှင်ပေါလူးရေးထားတာက သခင်ယေဇူးကို ကြည့်ပါ့လား။ ဘုရားက သခင်ယေဇူးရဲ့နှလုံးသားထဲမှာ အတူရှိနေတယ်ဆိုတာ သိသာထင်ရှား မြင်သာပါတယ်။ အဲဒီလို ဘုရားက အတူရှိနေလို့ သခင်ယေဇူးက ဘုရားသခင်ကို လုံးဝနာခံနိုင်တယ်။ ခွင့်လွှတ်တတ်တယ်၊ သနားတတ်တယ်၊ ဘုရားကို ယုံကြည်ခြင်းကြီးပြီး ခဏခဏ ဆုတောင်းချင်နေတာပေါ့။

ကြွလာတဲ့ကယ်တင်ရှင်ယေဇူးဟာ ဧမာနူအဲလ်ဆိုတဲ့အမည်အတိုင်းပဲ “ငါတို့နဲ့အတူရှိတော်မူသော ဘုရား” ဖြစ်တော်မူပါတယ်။ ကျနော်တို့နဲ့ အတူရှိချင်တဲ့ဘုရား ဖြစ်ပါတယ်။ ဒါကြောင့် ခရစ္စမတ်အတွက် ပြင်ဆင်ရမှာက ဘုရားနဲ့အတူရှိနိုင်ဖို့ သင့်နှလုံးသားကို ပြင်ဆင်ရမှာပါ။ ဘုရားကို လက်ခံနိုင်ဖို့ သင့်နှလုံးသားက နှိမ့်ချမှု ၊ နူးညံ့သိမ်မွေ့မှု ၊ ယုံကြည်မှု ဖြစ်နိုင်မှာပါ။ ဘာလို့လဲဆိုတော့ ဘုရားသခင် ကြိုက်နှစ်သက်တဲ့နှလုံးသားမျိုးက ဟေရှာယ ၆၆း၂ မှာ ဖော်ပြထားသလို “စိတ်နှိမ့်ချခြင်း ၊ နှလုံးကြေကွဲခြင်း ၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည် ” တဲ့ ။ ဆိုလိုတာကတော့ ဘုရားသခင် ကျေနပ်အားရတဲ့နှလုံးသားကတော့ နှိမ့်ချတဲ့စိတ်

ရှိတဲ့သူ၊ အပြစ်ပြုမိတိုင်း ငါမှားပြီ ငါပြုပြင်မယ်ဆိုပြီး နောင်တနဲ့ ကြေကွဲတတ်တဲ့စိတ် ရှိတဲ့သူ၊ နောက်ပြီး ဘုရားသခင်ရဲ့စကားကို ကြားလိုက်တိုင်း အရေးတယူရှိတဲ့သူတွေဖြစ်ဖို့ ဘုရားက လိုလားပါတယ်။ အဲ့လို နှလုံးသားမျိုးရှိတဲ့သူဆီမှာ ဘုရားကလည်း သူနဲ့အတူရှိပါလိမ့်မယ်။ မယ်တော်လို နှလုံးသားမျိုးပေါ့။ ဒါကြောင့် မယ်တော်ရဲ့ဝမ်းကြာသိုက်မှာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ တန်ခိုးတော်အားဖြင့် ပဋိသန္ဓေစွဲစေခဲ့ပြီး ယေဇူးဘုရားရှင်က မယ်တော်ရဲ့နှလုံးသားထဲမှာ ကိန်းဝပ်တော်မူခဲ့တယ်။ ဒါကြောင့် သိကြားတမန်တော်က “ဂုဏ်ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသော သခင်မ ၊ ဘုရားသခင်သည် သင်နှင့်အတူ ရှိတော်မူ၏” လို့ မိန့်တော်မူခဲ့ပါတယ်။ မယ်တော် လုပ်ဆောင်သမျှဟာလည်း ဘုရားအကြိုက်၊ ကြံစီစဉ်းစားသမျှဟာလည်း ဘုရားအလိုတော်အတိုင်း အသက်ရှင်နေထိုင်တာပါပဲ။ ဒါကြောင့် ဧလီဇဘက်ထံ သွားရောက် အကူအညီပေးခဲ့ပါတယ်။

မယ်တော်မာရီယားက ယေဇူးဘုရားရှင်လိုပဲ သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝလို့ ဘယ်လိုနေထိုင်မလဲဆိုတာ တွေးကြည့်နိုင်ပါတယ်။ သခင်ယေဇူးလည်း ကားတိုင်ပေါ်မှာ အသေခံတဲ့အထိ ခမည်းတော်ဘုရားကို နာခံတယ်၊ အစေခံတယ်။ မယ်တော်လည်း “ကျွန်ုပ်က ဘုရားသခင်၏အစေခံဖြစ်ပါတယ်” ဆိုပြီး ဘုရားရဲ့အစေခံတစ်ယောက်လို မိမိဘဝအသက်တာကို ပူဇော်အပ်နှံခဲ့တယ်။ “သင်၏စကားအတိုင်း ကျွန်ုပ်၌ဖြစ်ပါစေ” လို့ အလိုတော်ကို အပ်နှံခြင်းအားဖြင့် သက်သေခံခဲ့ပါတယ်။ ကျနော်တို့ ခရစ်ယာန်တွေလည်း လူအားလုံးအပေါ်မှာ ချစ်ခြင်းမေတ္တာထားရကြောင်း သက်သေခံကြရပါလိမ့်မယ်။ မယ်တော်က ချစ်ခြင်းမေတ္တာနဲ့ နေထိုင်ရုံမက ဘုရားသခင်အပေါ်မှာလည်း ယုံကြည်စိတ်ချတဲ့ စိတ်ထား ရှိပါတယ်။ “ဘုရားသခင် မတတ်နိုင်သောအရာ တစ်စုံတစ်ခုမျှမရှိ” ဆိုတဲ့ သိကြားတမန် ပြောစကားကို တစ်သက်လုံး နားထဲစွဲနေပါတယ်။ ဒါကြောင့် မယ်တော့ဘဝမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ ဆန့်ကျင်နေသူတွေကို စိတ်မပျက်ပဲ ကျော်လွှားနိုင်တာပါ။

ကျနော်တို့လည်း ရှင်သန်နေရတဲ့ခရစ်ယာန်ဘဝအသက်တာမှာ “ဘုရားသခင် မတတ်နိုင်သောအရာ တစ်စုံတစ်ခုမျှမရှိ” ဆိုတဲ့ ကျမ်းစာစကားကို နှလုံးသွင်းကြပြီး ဘုရားကြိုက်နှစ်သက်တဲ့ စိတ်နှလုံးသားအတိုင်း ပြင်ဆင်ရင်းနဲ့ ယေဇူးဘုရားရှင်ကို ဝမ်းပမ်းတသာ ကြိုဆိုလက်ခံကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။